မူကြမ်း

# စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၈၁ ခုနှစ်၊  လ  ရက်

( ၂၀၁၉ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အာဏာတည်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော “ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲ သတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်သက်ဆိုင်သော “ပြည်ထဲရေးဝန်ကြီးဌာန”ဆိုသည့် စကားရပ်ကို “ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန” ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ ထုတ်ပြန်ရခြင်း ရည်ရွယ်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈) သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈) ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းပေးအပ်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပြဋ္ဌာန်းချက်များအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ဆက်လက်ကျင့်သုံးနိုင်ရန် ရည်ရွယ်ပါသည်။

**စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ ထုတ်ပြန်ရခြင်း အကျိုးအကြောင်းဖော်ပြချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈) ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းပေးအပ်တာဝန် ထမ်းဆောင်ခဲ့ပြီးဖြစ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပြဋ္ဌာန်းချက်များအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ကျင့်သုံးနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအကြံပြုချက်ပြန်ကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏စီမံခန့်ခွဲခွင့်ရှိသောဥပဒေများအဖြစ် သတ်မှတ်ရန် ဥပဒေပြင်ဆင်ခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုဘဲ **စကားရပ်ပြောင်းလဲ သတ်မှတ်သည့် ဥပဒေ**တစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းသည့် ဥပဒေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဟု ပြောင်းလဲသတ်မှတ်ပြီးသည့်သဘော ဖြစ်ပါကြောင်း ပြန်ကြားလာသဖြင့် ယင်းဥပဒေ(မူကြမ်း) အား ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ရန် တင်ပြရခြင်းဖြစ်ပါသည်။